မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 7/Issue 1/January / 2015*

## ၂၀၁၅ နှစ်သစ်အတွက် ခွန်အားယူစရာ

သဘာဝအလှ တောနှင်းပန်းပင်များကို ဆင်ခြင်ကြည့်ပါ။

ဖန်ဆင်းရှင်၏လက်ရာတော်ကို ချီးမွမ်းမိလေတိုင်း စဉ်းစားမိသည်မှာ သဘာဝအလှကို ကျွန်ုပ်တို့ နှစ်သက်မြတ်နိုးကြသည်။ သဘာဝအလှကို ခံစားမိခြင်းအတွက် စိတ်ကြည်နူးရသည်။ သဘာဝအလှကို မိန်းမောငေးကြည့်ပြီး အရာရာကို မေ့လျော့နေတတ်ပါသည်။ တခါတရံတွင် တောပန်းလေးများက စကားပြောသည့်အလား သဘာဝတရားအားဖြင့် သွန်သင်မှုပြုထားခဲ့သော အကြောင်းများကို သတိရမိပါသည်။ သခင်ယေရှုက တောနှင်းပန်းလေးများ ဥပမာဖြင့် စိုးရိမ်ပူပန်မှု မရှိရန် လူအပေါင်းတို့ကို အားပေးခဲ့ပါသည်။

*"တောနှင်းပင်ကို ဆင်ခြင်ကြည့်ပါ။ ထိုအပင်တို့သည် အလုပ်မလုပ်၊ ချည်မငင် မဝင့်။ သို့သော်လည်း ဘုန်းကြီးသော ရှောလမုန်မင်းကြီး၏ အဝတ်သည် ထိုပင်တပင်မျှ၏ အဝတ်ကို မမှီ။" (မဿဲ၊ ၆း၂၈–၃၄)*

ဘုရားသခင်က ၎င်းတို့ကို တင့်တယ်လှပစေသည်။ တခဏသာတည်သော ပန်းကလေးများကို ဘုရားက ထိုသို့ အသရေ တင့်တယ်စေသည် ဆိုလျှင် ကျွန်ုပ်တို့လို လူသားတွေအတွက် ထိုထက်မက ပို၍ပင် လုပ်ပေးမည်မှာ ကေန်ဖြစ်သည်။

ဖန်ဆင်းခြင်း အရာများအားဖြင့် ဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို ဖော်ပြနေကြောင်း တွေ့ရသည်။

*"မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍ မိုဃ်းမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာ များကို ပြသ၏။ တစ်နေ့ကို တစ်နေ့ မြွက်ဆို၍ တစ်ညကိုတစ်ည သွန်သင်၏။" (ဆာလံ၊ ၁၉း၁–၂)*

ရှင်ပေါလုကလည်း "ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော် တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။" (ရောမ၊ ၁း၂၀) ဟုရေးသားခဲ့သည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို အလွန် ချစ်ပြီး သူနှင့်အကျွမ်းဝင်ရန် သူအလိုရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကြည့်လိုက်လေရာတိုင်းမှာ သူ့ကို မြင်အောင် သက်သေများ ချထားပါ၏။ ဘုရားသခင်၏မေတ္တာတော်သည် အလွန်ထူးခြား အံ့သြဖွယ်ရာဖြစ်သော်လည်း ကျွန်ုပ်တို့က မမြင်ဘဲ လွတ်သွားတတ်ကြသည်။ ကိုယ်တော်၏ ကျေးဇူး၊ မေတ္တာနှင့် ကရုဏာကို သဘာဝတရား အားဖြင့် မပျက်မကွက် ဖော်ပြသတိ ပေးနေ၍ ကျေးဇူးတင်ရှိပါ၏။ ဖန်ဆင်းခြင်း၌ ကိုယ်တော်၏တင့်တယ်ခြင်းကို မြင်တတ်ရန် မစတော်မူပါ။ ဘုရားသခင် ၏လက်ရာတော်ဖြစ်သော သဘာဝအလှများမှ တန်ဖိုးမဖြတ်နိုင်သည့် ဘုရားသခင်ကို မြင်တွေ့နိုင် စွမ်းသော ဉာဏ်ပညာကို ခြေရာခံ ရယူနိုင်ပါသည်။

၂၀၁၅ တစ်နှစ်တာပတ်လုံးတွင်၊ မြင်တွေ့လေရာရာတိုင်းမှာ သတိမမူ လျစ်လျူမရှု ချော်မသွားဘဲ၊ ဘုရားသခင်ကို စေ့စေ့ကြည့်ရှု၍ နှုတ်ကပါတ်တော်မြတ်ကို မှတ်ကျုံးဆင်ခြင်ကြပါစို့။

*"အဘယ်သို့စားသောက်ရအံ့နည်း၊ အဘယ်သို့ဝတ်ရအံ့နည်း ဟူ၍ မစိုးရိမ်ကြနှင့်။ ထိုအရာများကို သာသနာပ လူတို့သည် ရှာဖွေတတ်ကြ၏။ ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သိတော်မူ၏။ ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း တရားတော်ကို ရှေ့ဦးစွာ ရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတံ့။ ထို့ကြောင့် နက်ဖြန်အဘို့ မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဘို့ စိုးရိမ်လိမ့်မည်။ ယခုနေ့၌ ရှိသော မကောင်း မသင့်သော အရာသည် ယခုနေ့ဘို့ လောက်ပေ၏။"❑❑ (မဿဲ၊ ၆း၃၁–၃၃)*




*Theme : Jesus said, " I am the way, … "*

*Bible verse : John 14:6*

*Guest Speaker : Sayama Eh Wah*

*Mailing Address: -*
*Burmese Christian Fellowship*
*11410 Telechron Ave. Whittier, CA 90605*
*☎ (562) 944-9091*

မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
၏
၃၈နှစ်မြောက်နှစ်ပတ်လည် (၁၉၇၇–၂၀၁၅)
နှင့်
အမှုဆောင်ဆက်ကပ်ခြင်းဝတ်ပြုစည်းဝေးသို့
အောက်ပါအစီအစဉ် အတိုင်း တက်ရောက်ပါရန်
ဖိတ်ကြားပါသည်။

စည်းဝေးအပြီးတွင်မုန့်ဟင်းခါးဖြင့်ညှော်ခံပါသည်။

*Date … November 23, 2014*
*Time … 2:00 PM*
*Place … St. Luke's Episcopal Church*
*122 S. California Ave.*
*Monrovia, CA 91016*

# 2015, January Events

2015 JANUARY

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

***New Year Celebration and Holy Communion Sunday***

*1/ 04/ 2015*

~~~~~~~~~~~~~~

***B.C.F. Official Board Meeting***

*1/ 11/ 2015*

~~~~~~~~~~~~~~

***Regular Sunday Service***

*1/ 18/ 2015*

~~~~~~~~~~~~~~

***Church Anniversary***
***&***
***Consecration Service***

*11/ 25/ 2015*

~~~~~~~~~~~~~~

***Every Service on Sunday***

***2:00PM***

***at***

***St. Luke's Episcopal Church***
***122 S. California Ave.***
***Monrovia, CA 91016***

## Name and position of B.C.F Official Board Members for the year 2015



**Senior Pastor --- Rev. Henry Ang**

**Assoc: Pastor--- Rev. Livingstone Zan**

**Pastoral Staff ---Sayama Hsimu Shein**

**President --- U Kyi Shinn Vice**
**President --- John Ma**

**Secretary --- Emily Ang**
**Joint Secretary --- Yi Yi Aye**

**Treasurer --- San San Min**
**Joint Treasurer --- Fiona Ang**

**Trustee & Finance --- Dr. Charles Ang**
**Joint --- Ms. Joy Ang**

**Mission & Evangelism --- Shian Ma**
**Joint --- Robin Saw**

**Worship & Music --- John Ma**
**Joint --- Mon Mon Soe**

**Christian Education --- Alice Ang**
**Joint --- Juling Saputra**

**Social & Recreation --- Thin Thin**
**Joint --- Alice Ang**
**Joint --- Naw Win Mar**

**Youth President --- Kendrick Lim**

**Auditor --- Dr. Anthony Lee**

**Pianist --- Patricia Aung**

**Christian Literature Editor---Yi Yi Aye**

# ခံရဘူးသလား!

John Ma



သင့်ဘဝတွင် ညက်ညက်ကြေအောင် ကြိတ်နယ်ခြင်းခံရဘူးသလား။
ခံရဘူးလျှင် သံလွင်သီးမှ ရရှိသော သံလွင်ဆီကိုသတိရပါ။
သံလွင်သီးကို ညက်ညက်ကြေအောင် ကြိတ်နယ်ပေးနိုင်မှသာလျှင်
အလွန်အသုံးကျသော သံလွင်ဆီကောင်းကောင်းကို ရရှိမည်ဖြစ်သည်။



သင့်ဘဝတွင် တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်ခြင်းခံရဘူးသလား။
ခံရဘူးလျှင် စပျစ်သီးမှ ရရှိသော စပျစ်ရည်ကို သတိရပါ။
စပျစ်သီးကို တင်းတင်းကျပ်ကျပ် ပိုင်ပိုင်နိုင်နိုင် ဖျစ်ညှစ်ပေးနိုင်မှသာလျှင်
စပျစ်ရည်ကောင်းကောင်း ကိုရရှိမည်ဖြစ်သည်။



သင့်ဘဝတွင် ချေပစ်ခြင်း၊ ထုထောင်းခြင်း၊ ဖိနှိပ်ခြင်း၊ ခံရဘူးသလား။
ခံရဘူးလျှင် နှင်းဆီပန်းမှရရှိသော ရေမွှေးကိုသတိရပါ။
နှင်းဆီပန်းကိုချေပစ်ပြီး ရရှိသောနှင်းဆီဖတ်များကို ထုထောင်းဖိနှိပ်
ချေပစ်နိုင်မှသာလျှင် ရနံ့မွှေးကြိုင်သော ရေမွှေးကောင်းကို ရရှိမည်ဖြစ်သည်။

တခါတရံ ဘုရားသခင်သည် မြဲမြံစွာဆုပ်ကိုင်ထားသော သင်၏လက်ကို ဖြန့်လိုက်ပြီး၊ ခိုင်မြဲစွာဆုပ်ကိုင်ထားသော သင့်ပိုင်ဆိုင်သည့် အရာများကို သိမ်းယူတတ်ပါသည်။ ဤသို့ ပြုလုပ်လိုက်ခြင်းသည် သင့်ကို ဒဏ်ခတ်ခြင်း မဟုတ်ပါ။ သင့်လက်ထဲသို့ ပို၍ကောင်းသော ပို၍ကြီးကျယ်ခမ်းနားသောအရာများကို ထည့်ပေးရန် နေရာပြင်ဆင်ပေးခြင်းဖြစ်သည်။

တခါတရံ ကျွန်ုပ်တို့သည် ဖြစ်ပျက်နေသောဖြစ်ရပ်များ နှင့် ကိုယ့်အပေါ် ကျရောက်သော လောကမှုန်တိုင်းများကို နားလည်နိုင်ခြင်းမရှိပါ။

ထိုသို့ နားမလည်နိုင်သော်လည်း ဖြစ်သမျှ ဖြစ်ရပ်အသီးသီးတို့သည် အလိုတော်အတိုင်း၊ အကြံစည်တော်အတိုင်း ဘုရားသခင်ကို ချစ်သောသူများအတွက် တစ်နည်းမဟုတ် တနည်းနည်းဖြင့် တိုက်ရိုက် သို့တည်းမဟုတ် သွယ်ဝိုက်ခြင်းအားဖြင့် အကျိုးဖြစ်ထွန်း စေသည်ကို သိမြင်နားလည်ခံယူလျှက် ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိသည့်အတိုင်း ဘာဘဲဖြစ်ဖြစ် အရာရာတိုင်းမှာ ကျေးဇူးတော်ကို ချီးမွမ်းနိုင်စေရန် ကြိုးစားအားထုတ် ကြပါစို့။

အကြောင်းမူကား ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော် မူသည်ဖြစ်၍၊ ကျွန်ုပ်တို့မခံနိုင် သောစုံစမ်း နှောင့်ရှက်ခြင်းကို ကျွန်ုပ်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မူမည်မဟုတ်။ ကျွန်ုပ်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်း အရာနှင့်တကွ၊ ထွက်မြောက်သော လမ်းကိုလည်း စီရင်ပြုပြင်တော် မူလိမ့်မည်ဟု ကောရိန္တု ဩဝါဒစာ ပဌမစောင် ၁၀း၁၃ ၌ ဖေါ်ပြထားပါသည်။ အာမင်။ ။




လူဆိုတာ ဒီကမ္ဘာကြီးမှာ လောကဧည့်သည် အဖြစ်နဲ့ ခေတ္တ နေကြရတာပါ။ ထာဝရကာလနဲ့ နှိုင်းစာရင် လူ့ရဲ့ဘဝဟာ အလွန်တိုတောင်းပါတယ်။ ထာဝရ ဆိုတဲ့ အရာသည်သာ အစဉ်တည်မြဲပါတယ်။

လူ့ခန္ဓာကိုယ်ဟာ ယာယီတဲပါ။ တချိန်ချိန်မှာ သေဆုံးလို့ မြေခကြရမဲ့ လူတွေပါ။ ဒါဟာ မတည်မြဲတဲ့ သဘာဝတရား သဘောပါဘဲ။

သေခြင်းတရားသည် မမျှော်လင့်ဘဲ ဖြုန်းကနဲ ရောက်လာ တတ်သည်။ ကွေးသောလက်မဆန့်မှီ ဆန့်သောလက် မကွေးမှီ ဟူ၍ ဆိုရိုးစကားလည်း ရှိထား၏။

သင် သေဆုံးပြီးသည်နောက် နောင်တမလွန်မှာ သင့်ဝိညာဉ် နှင့် စိတ်ခံစားမှုတို့ ထာဝရကာလ ဆက်လက်၍ အသက်ရှင် နေသည်ကို သင်လက်ခံပါ။

သင်သေဆုံးပြီး နောင်ဘဝအတွက် ပြင်ဆင်ထားပြီးပြီလား?။ အချိန်သည် လျှင်မြန်စွာ ကုန်ဆုံးနေ၍ သင်၏ နောင်ဘဝ ကာလ အတွက် ယနေ့ပင် စဉ်းစားကာ ဆုံးဖြတ်ပါ။

**ဘုရားသခင်၏ မေတ္တာတော်**

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော၊၃း၁၆

သမ္မာကျမ်းစာသည် ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာတော် ကြောင်းကို အဓိက ဖွင့်ဆိုထားပါသည်။

**အပြစ်သား**

လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက် ကြပြီ။ ရောမ၊ ၃း၂၃

လူသည် စာတန်မာရ်နတ်၏ လှည့်စားမှုကြောင့် ဘုရားသခင် ၏ပညတ်တော်ကို ဆန့်ကျင်၍ မိမိ၏စိတ် အလိုအတိုင်း ရွေးချယ်သည့် လမ်းမှားယွင်းခဲ့သည့် အချိန်မှစပြီး၊ အပြစ်တရား ဝင်ရောက်လာ၏။

**အပြစ်ဒဏ်**

အပြစ်တရား၏ အခကား သေခြင်းပေတည်း။
ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင် ယေရှုခရစ် အားဖြင့် ထာဝရအသက် ပေတည်း။ ရောမ၊ ၆း၂၃

သင်သည် အဘိုးအခများစွာ ပေး၍လည်း အပြစ်ဒဏ် စီရင်ခြင်းမှ လွတ်မြောက်ရန် လမ်းမရှိပေ။ အပြစ်သား၏ နောက်ဆုံး သွားရာ လမ်းမှုကား၊ ကန့်နှင့်ငရဲမီး ရောနှောသော ငရဲမီးအိုင် ထဲသို့ ကျ၍၊ နေ့ ညဉ့် မပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ထာဝရ အစဉ် အမြဲ ခံစားရမည်။

**ပြစ်ကြွေးဆပ်သူ ယေရှုခရစ်တော်**

ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။ ရောမ၊ ၅း၈

ယေရှုခရစ်တော်သည် လူတို့၏အပြစ်ကြောင့် လက်ဝါးကား တိုင်ပေါ်တွင် အသေခံတော်မူ၏။ သင်္ချိုင်းတွင် သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာ သည်အတိုင်း သုံးရက်မြောက်သောနေ့၌ ရှင်ပြန် ထမြောက်တော်မူ၏။ လူအပေါင်းတို့သည်ယေရှုခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက် ရကြ၏။

**အခမဲ့ပေးသော ကယ်တင်ခြင်း**

ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူ ခြင်းသို့ရောက်သည် မဟုတ်။ ဧဖက်၊၂း၈–၉

ထာဝရ ဘုရားသခင်၏ မေတ္တာတော်ဖြင့် ပြုတော်မူသော ကျေးဇူးတော်ကြောင့်တည်း။

**ယေရှုခရစ်တော်ကို လက်ခံပါ**

ယေရှုကိုလက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ ယော၊ ၁း၁၂

ချစ်သောမိတ်ဆွေ၊
သင်သည် သခင်ယေရှုကို စိတ်နှလုံးနှင့်ယုံကြည်ပြီး၊ နှုတ်ဖြင့်ဝန်ခံလျှက်၊ ဤသို့ ဆုတောင်း နိုင်ပါသည်။

**ဆုတောင်းချက်**

သခင်ယေရှုဘုရား၊
ကျွန်တော် ........../ကျမ ..........သည် အပြစ်သားဖြစ်ပါ၏။
ကိုယ်တော့်ကို အကျွန်ုပ်လိုပါ၏။
ကိုယ်တော်သည် အကျွန်ုပ်တို့ အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ်မှာ
အသွေးတော်သွန်း ခြင်းဖြင့်အသေခံပြီး၊ သုံးရက်မြောက်သောနေ့၌၊
သေခြင်းမှ ရှင်ပြန် ထမြောက်ခဲ့ကြောင်းကို ယုံကြည်ပါ၏။
ကျွန်တော်၏ဘဝ တစ်သက်တာလုံး၌၊ ကိုယ်တော်ဝင်ရောက်၍ အုပ်စိုးတော်မူပါ။
ကျွန်တော် ........../ကျမ .......... ၏ ကယ်တင်ပိုင်ရှင် သခင်အဖြစ် ကိုယ်တော်ရှင်ကို ယခုပင်
လက်ခံပါ၏။ (အာမင်)

# သစ်သားကားတိုင်သုံးတိုင်



**(Three Wooden Crosses)**

တခါက Mexico သို့သွားသော ဘတ်စကားအပေါ်၌ ခရီးသယ်အဖြစ် လယ်သမား တစ်ဦး၊ ဆရာမတစ်ယောက်၊ ပြည့်တန်ဆာမတစ်ယောက်နှင့် တရားဟောဆရာကြီးတစ်ပါး လိုက်ပါသွားသည်။

လယ်သမားသည် အနားယူအပန်းဖြေရန် သွားခြင်းဖြစ်၍ ဆရာမမှာ ပညာရေးအတွက် သွားခြင်းဖြစ်ပြီး၊ ကျန်နှစ်ယောက်မှာမူ ရည်ရွယ်ချက် လုံးဝမတူသော်လည်း၊ နှစ်ယောက်စလုံးမှာ ပျောက်ဆုံးနေသောသူများကို ရှာဖွေရန် သွားခြင်း ဖြစ်သည်။ သတိမမူ၊ ဂူမမြင်ဟုဆိုသည့်အတိုင်း ဘတ်စကားမောင်းသူသည် လမ်းဆုံတစ်ခု၌ "ရပ်ရန်" ဆိုင်းပုဒ်ကို မမြင်မိဘဲ ဖြတ်ကျော်သွားသဖြင့် ကန့်လန့်ဖြတ် အရှိန်အဟုန် ပြင်းစွာဖြင့် မောင်းနှင်လာသော ဘီး ၁၈ လုံး ရောမကုန်တင်ကားကြီးတစ်စီး နှင့် တိုက်မိသွားသည်။ အစားမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်း၊ ဟုဆိုသည့်အတိုင်း ဤဝမ်းနည်း ပူဆွေးဖွယ်ရာဖြစ်ရပ် ဖြစ်ပြီးသည့်နောက် ဤလမ်းမကြီး၏ ညာဘက်တွင် သစ်သားကားတိုင် သုံးတိုင်ထူထားသည်ကို တွေ့ရပါသည်။ အဘယ့်ကြောင့် ကားတိုင်လေးတိုင်မဟုတ်ပါသလဲ။ မည်သူမှမသိပါ။ ဘုရားသာသိမည်။

ဘတ်(စ်)ကားပေါ်၌ ပါသွားသော လယ်သမားသည် သူ့သားငယ်အတွက် အိမ်တစ်လုံး၊ မြေနေရာကေရှစ်ဆယ် နှင့် ကောက်ပဲသီးနှံရိတ်သိမ်းရန် ရိတ်သိမ်းတောင်းတစ်လုံး ချန်ပေးခဲ့သည့်အပြင် စားနပ်ရိက္ခာအတွက် နှစ်သက်စိုက်ပျိုးလိုသောစိတ်၊ ချစ်မြတ်နိုးသောစိတ် တို့ကိုပါ သူ၏ သားငယ် စိတ်ထဲတွင် ပျိုးထောင်ပေးနိုင်ခဲ့ပါသည်။

ထိုနည်းတူ ဘတ်(စ်)ကားပေါ်၌ ပါသွားသော ဆရာမသည်လည်း သူမ၏ဉာဏ်ပညာကို နုနယ်သသောခလေးများ၏ ဦးနှောက် အသိဉာဏ်ထဲသို့ ကိုယ်စွမ်းရှိ သရွေ့၊ ဉာဏ်စွမ်းရှိ သရွေ့၊ တတ်နိုင်သလောက် သင်ကြားပို့ချ ပေးခဲ့၏။ ပျိုးထောင် ပေးခဲ့၏။ ပညာရွှေအိုး၊ လူမခိုး ဆိုသည့်အတိုင်း ပညာအမွေကိုလည်းပေးခဲ့သည်။

ဘတ်(စ်)ကားပေါ်၌ ပါသွားသော တရားဟောဆရာကြီးမှာမူ ကားတိုက်ထားသော ဒါဏ်ရာကြောင့် ထွက်လာသောသွေးများနှင့်စွန်းနေသည့် သူ့ဓမ္မာကျမ်းစာအုပ်ကို ပြည့်တန်ဆာမ၏လက်ထဲသို့ ထိုးထည့်ရင်း တိုးညှင်းသေအသံဖြင့် နှစ်ကိုယ်တည်းသာ ကြားနိုင်လောက်သော လေသံဖြင့်သာ ဤသို့မှာကြားနိုင်ခဲ့သည်။

"ကတိတော်ပေးထားသည့် မြေနေရာကို ခင်ဗျား မြင်လိုက်စမ်းပါလား။ တွေ့လိုက်စမ်းပါလား။"

အထက်ပါ အဖြစ်အပျက်ကို တရားဟောဆရာတစ်ပါးက ဝတ်ပြုအစည်းအဝေးပွဲတစ်ခု၌ ပြောကြားပါသည်။ တချိန်တည်းတွင် ဆရာသည် သွေးစွန်းသော ဓမ္မာကျမ်းစာအုပ်ကို လူအများမြင်အောင် ကိုင်ထားပြီး လယ်သမားအတွက် မေတ္တာပို့သည်။ ဆရာမအတွက် မေတ္တာပို့သည်။ အထူးသဖြင့် သူ့မိခင်ကို ဤသွေးစွန်းတဲ့ ကျမ်းစာအုပ်ကို ပေးခဲ့သည့် တရားဟောဆရာကြီးကိုလည်းမေတ္တာပို့သည်။ တရားဟောဆရာကြီး ပြောလိုက်သောစကားနှင့် ပေးလိုက်သော သွေးစွန်းသည့် ဓမ္မကျမ်းစာအုပ်ကြောင့် သူ့မိခင် ပြောင်းလဲသွားသည်။ ဤသွေးစွန်းသော ကျမ်းစာအုပ်ဖြင့် သူ့မိခင်သည် သူ့ကို ကျမ်းစာမှန်မှန် ဖတ်ပြပေးနိုင်ခဲ့သည်။ လူလားမြောက်၍ ပညာတတ် ဓမ္မအမှုတော်ကိုထမ်းဆောင်နိုင်သော တရားဟောဆရာ ဖြစ်လာအောင် ပြုစုပျိုးထောင် ပေးနိုင်ခဲ့သည်။

သေဆုံးသွားသော တရားဟောဆရာကြီး မသေမီ ကြဲဖြန့်ခဲ့သော ကယ်တင်ခြင်းမျိုးစေ့မှ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ပေါက်ပွားလာသော အသီးအပွင့်များပင် ဖြစ်သည်။

ယခုတွင်၊ အဘယ့်ကြောင့် အထက်၌ဖေါ်ပြခဲ့သော လမ်းမကြီး၏ညာဘက်တွင် သစ်သားကားတိုင် သုံးတိုင် သာထူထားခဲ့သည်ကို သိရှိရပြီ။ ပထမနှစ်တိုင်မှာ ထိုနေရာ၌ ပွဲချင်းပြီး သေဆုံးသွားသော လယ်သမား နှင့် ဆရာမ တို့အတွက် ဖြစ်ပြီး၊ တတိယကားတိုင်မှာမူကား တရားဟောဆရာကြီး အတွက် ဖြစ်သည်။ ကားချင်းတိုက်မှုဒါဏ်ရာကြောင့် အသက်မဆုံးမီ နောက်ဆုံးအချိန် ဆရာကြီးသည် အသက်ရှင် ကျန်ရစ်ခဲ့သော ပြည့်တန်ဆာမကို ကယ်တင်ခြင်းရ၍ ပြောင်းလဲသော အသက်တာဖြင့် ရှင်သန်ရအောင် နူတ်မှမှာကြား၍ပြီး၊ သူ့သွေးစွန်းသော ကျမ်းစာအုပ်ကို ပေးခဲ့ပါသည်။ ဆရာကြီးသည် နောက်ဆုံးအချိန်အထိ သစ္စာရှိစွာ အမှုတော်မြတ်ကို ထမ်းဆောင်ခဲ့၏။ သည်။

ထို့ကြောင့် ဤလောကကမ္ဘာကို စွန့်ခွာသွားသောအခါ မည်သည့်အရာကို ယူသွားနိုင်သည်ထက် မည်သည့်အရာကို ထားပေးနိုင်ခဲ့သည်က ပို၍ အရေးပါ အရာရောက်သည်။ `John Ma`

မှတ်ချက် –
အထက်ပါ ဖြစ်ရပ်သည် Kim Williams နှင့် Doug Johnson တို့ရေးသားသော **Three Wooden Crosses** သီချင်းစာသားကို ဆီလျော်စွာ ဘာသာပြန် ထားပါသည်။ ဤခရစ်ယာန်သီချင်းသည် ၂၀၀၃ ခုနှစ်တွင် ခရစ်ယာန်သီချင်း ဈေးကွက်ကို ဖြတ်ကျော် ပြီး **Country Music** ဈေးကွက်တွင်ပါ နံပါတ် "တစ်" ချိတ်သော **Song of the Year** သီချင်း ဖြစ်သည့်အပြင် ၂၀၀၄ ခုနှစ်၌ လည်း **Gospel Music Association** မှချီးမြင့်သော **Dove Award** ကိုလည်း ရရှိပါသည်။

*It's not what you take*
*when you leave this world behind*
*You it's what you leave*
*behind you when you go.*